ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆိုပါ)

"ကျွန်ုပ် - - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဓာတ်အားခွဲရုံဖွင့်ပွဲ တက်ရောက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဖူဆယ်

ပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား။ ဒေါ်လှိုင်းဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးရှုန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မြေယာစိစစ် အစည်းအဝေး တက်ရောက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနား။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ မြေယာစိစစ် အစည်းအဝေး တက်ရောက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် မန်းတိုးရွှေ၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်ရှိ ဆလုံကျွန်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်ရှိ ဆလုံကျွန်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်ရှိ ဆလုံကျွန်းတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန် အနူးအညွတ်တောင်းဆိုအပ်ပါသည် ခင်ဗျား။ ဟုတ်ကဲ့။ အခု ဒီမှာ ပြထားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ဒီဘက်မှာဆိုရင် ဒီ မြန်မာပြည်ရဲ့ အစွန်ဆုံး ကျွန်တော်တို့ ကော့သောင်းပေါ့။ ဒီ ကော့သောင်းရဲ့ဘက်မှာဆိုရင် ဒီမှာ ကျွန်းလေး(၃) ကျွန်းတွေ့ပါမယ်။ အဲဒီမှာ ပုလိုတုံတုံးဆိုတဲ့ ကျွန်းရယ်၊ ခရုကျွန်းရယ်၊ ဆလုံကျွန်းရယ် ရှိပါတယ်။ ကျွန်တော်ပြောလိုတဲ့ကျွန်းကတော့ ဒီဆလုံကျွန်းဟာ ကျွန်တော်တို့ ဆလုံကျွန်းမှာ ဟိုတယ်နှင့် ခရီးသွား ကျွန်တော်တို့ ဖွင့်လိုတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ ကော့သောင်းမြို့ဟာဆိုရင် မြန်မာနိုင်ငံ တောင်ဘက် အစွန်ဆုံးမှာရှိတဲ့ ကမ်းမြောင်ဒေသဖြစ်ပြီး ကျွန်တော်တို့ဒေသအနေနဲ့ဆိုရင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို အထူးအားထားနေတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။

ယနေ့ ဒီပုံမှာမြင်တဲ့အတိုင်း ဒီ ဆလုံကျွန်းဆိုတဲ့ ကျွန်းကလေးဟာဆိုရင် ကျွန်တော်တို့ ကမ်းခြေနဲ့ဆိုရင် အလွန်ပဲနီးကပ်စွာ တည်ရှိပါတယ်။ (၁)မိုင်၊ (၂)မိုင် အကွာအဝေးလောက်ပဲရှိပြီးတော့ ဒီကျွန်းကလေးရဲ့ အလျားဟာဆိုရင် (၃.၂)ကီလိုမီတာလောက် ရှိပြီးတဲ့အခါမှာ အကျယ်ဆုံးနေရာဟာ (၁.၈)ကီလိုမီတာလောက်ရှိပြီးတော့ ဟတ်တာပေါင်းက (၄၅၀)လောက်ရှိနေပါတယ်။ ဒီနေရာမှာဆိုရင် ခုနပြထားတဲ့အတိုင်းပဲ စိုက်ပျိုးရေးအုန်းခြံများရှိတယ်။ သောက်သုံးရေ အရင်းအမြစ်တွေလည်းရှိတယ်။ ဒီကျွန်းပေါ်မှာဆိုရင် ၁၉၉၀ ပြည့်နှစ်လောက်က တည်ခဲ့တဲ့ရွှေတိဂုံဘုရားနဲ့ ပုံစံတူတဲ့ ဘုရားလေး တစ်ဆူလည်း ရှိပါတယ်။


နောက်တစ်ချက်ကဆိုရင် အပန်းဖြေဖို့ကောင်းတဲ့ ဒီ သဲသောင်ကမ်းခြေတွေရှိသလို ဘန်ဂလို များလည်း တချို့ရှိခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်လောက်ကတည်းက ရပ်ရွာကလူတွေသွားပြီး အပန်းဖြေ ခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။ ယနေ့ ဒီ ဆလုံကျွန်းကိုကြည့်မယ်ဆိုရင် ဒီမှာ ကျွန်းလေး(၃)ကျွန်း တွေ့ပါ တယ်။ ပုလိုတုံတုံးဆိုတဲ့ကျွန်းလေးကို ကြည့်လိုက်ပါ။ အဲဒီမှာဆိုရင် ကျွန်တော်တို့ တံတားတစ်စင်း ထိုးထားပါတယ်။ ဒီတံတားဟာ လက်ရှိမှာဆိုရင် သစ်သားတံတားဖြစ်ပြီး အခုနှစ်မှာဆိုရင် ကျွန်တော်တို့ သံကူ ကွန်ကရစ်နဲ့ ဒီ (၂၄)ပေအကျယ် လမ်းပခုံး(၃)ပေစီနဲ့ ပေ(၂၃၀၀)ကျော်ရှိတဲ့ တံတားကို စတင် တည်ဆောက်နေပါပြီ။ (၂)နှစ်ကျော် (၃)နှစ်အတွင်းမှာ ပြီးပါမယ်။

ဒီ ပုလိုတုံတုံးကျွန်းမှာဆိုရင် အိမ်ခြေ(၆၀၀)ကျော်ရှိပြီးတော့ ပင်လယ်ကမ်းခြေနဲ့အတူ ဘန်ဂလိုများလည်း ရှိပါတယ်။ သူနဲ့ကပ်လျက် ဒီ ခရုကျွန်းမှာဆိုလည်း အိမ်ခြေ(၂၀၀)လောက်ရှိတဲ့ ပင်လယ်ရွာလေးတစ်ရွာ ဖြစ်ပါတယ်။ ဒါနဲ့ကပ်လျက်မှာရှိတဲ့ ဆလုံကျွန်းဆိုရင်တော့ ခုနကပြောသလိုပဲ ရေအရင်းအမြစ်တွေရော ဒီအပန်းဖြေ တည်းခိုတဲ့နေရာတွေ၊ တည်းခိုလို့ကောင်းတဲ့နေရာလေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ဖို့ အလွန်ကောင်းတဲ့နေရာလေးတစ်ခု ဖြစ်ပါတယ်။ ဒီကျွန်းလေးမှာ တကယ်လို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးချဲ့ပြီးလုပ်မယ်ဆိုရင် ကျွန်တော်တို့ ဒေသခံတွေအတွက်

CBT ပေါ့။ ဒီဒေသခံများကိုအခြေပြုတဲ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလည်း တိုးလာမယ်။ တိုးတက်လာမယ်။ ဒေသခံများလည်း ဒီ ခရုကျွန်းမှာရှိတဲ့သူတွေဆိုလည်း လတ်လတ်ဆတ်ဆတ် ပင်လယ်စာတွေကို လာရောက်ရောင်းချလို့ရသလို ကျွန်တော်တို့ အဝေးမှာရှိတဲ့ကျွန်းတွေ ကျွန်းအလှတွေဟာ အဝေးမှာ မိုင်(၅၀)၊ (၄၀)လောက်ပဲဝေးပါတယ်။ (၃၀)အနည်းဆုံးဝေးတယ်။ အဲဒီနေရာတွေကို သွားဖို့ဆိုရင် ဒီဆလုံကျွန်းမှာ တစ်ထောက်နားပြီးမှ အပန်းဖြေပြီးမှ သွားမယ်ဆိုရင် ပို၍အဆင်ပြေတယ်။

ဒါကြောင့်မို့ ဒီကျွန်းကလေးပေါ်မှာ ဟိုတယ်နှင့်ခရီးသွားလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ ဒေသအတွက် ဒီ စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရမည်ဖြစ်သလို တိုင်းပြည်အတွက်လည်း ဝင်ငွေတွေတိုးမယ်။ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အလွန်ကို အဆင်ပြေလာမည်ဖြစ်တဲ့အတွက်ကြောင့် ဒီကျွန်းကလေးမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးချဲ့စီမံပြီး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ကော့သောင်းမှ ကျွန်းများ၏ မြင်ကွင်းပုံ (ဒ)



သဲသောင်ကမ်းခြေ မြင်ကွင်းပုံ(ဒ-၁)



ရေအရင်းအမြစ်အား ဖော်ညွှန်းထားသော မြင်ကွင်းပုံ(ဒ-၂)



**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးအုန်းမောင် (ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မှ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်ရှိ ဆလုံကျွန်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ထပ်မံတိုးချဲ့ ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့် ပေါင်းစပ်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အခု ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကော့သောင်းမြို့နယ်အတွင်းမှာ ပုလိုတုံတုံး ကျေးရွာအုပ်စုဥ္ ပါဝင်တဲ့ ဆလုံကျွန်းနှင့်ပတ်သက်ပြီးတော့မှ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားရာမှာ ဆလုံကျွန်းဟာ ကော့သောင်းမြို့ရဲ့ အနောက်ဘက်ရေမိုင်(၄.၄)မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့ အဲဒီကျွန်းပေါ်မှာ ရော်ဘာစိုက်ခင်း၊ သီဟိုဠ်စိုက်ခင်းတို့ စိုက်ပျိုးထားပြီးတော့ စေတီ တစ်ဆူနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတို့လည်း ရှိပါတယ်။ ကျွန်း၏ တောင်ဘက်နှင့် အနောက် ဘက်၊ အနောက်တောင်ဘက်တို့မှာ ကမ်းခြေနှစ်ခု တည်ရှိပြီးတော့မှ လွန်ခဲ့သော ဆယ်စုနှစ်ခန့်က Shambhala ကုမ္ပဏီမှ လင်းပိုင်မွေးမြူခဲ့ပြီးတော့မှ ယခုအချိန်မှာ လုပ်ငန်းဆက်လက်ဆောင်ရွက်မှု မရှိတော့ဘဲ လူနေအဆောက်အအုံ ဘန်ဂလို အပျက်အစီး(၄)လုံးနှင့် အုတ်ရေကန်အချို့ရှိပါကြောင်း၊ ဆလုံကျွန်းဟာ မြေဧရိယာ(၇၃၀)ဧကကျယ်ဝန်းပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရရှိပြီးတဲ့ မြေ(၃၃၆.၅)ဧက၊ ဆလုံကျွန်းဘုရားမြေအဖြစ် (၁၇)ဧက၊ Shambhala ကုမ္ပဏီမှ ဟိုတယ်မြေအဖြစ် လ/န(၃၉)ခွင့်ပြုမိန့်ရရှိပြီး ဧက(၂၀)၊ စိုက်ပျိုးမြေနှင့် တောရိုင်းမြေဧရိယာ (၃၅၆.၉၆)ဧကတို့ဖြစ် ပါကြောင်း၊ ဆလုံကျွန်းမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ရေး အတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိပြီးတဲ့ဧကအတွင်းမှ (၃၉.၉၆)ဧကအား Zochwell Myanmar Co.,Ltd မှ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် လယ်ယာ မြေအား အခြားနည်းအသုံးပြုခွင့် လျှောက်ထားလျက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ထပ်မံတိုးချဲ့ နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားလာပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆလုံကျွန်းရဲ့ သမိုင်းကြောင်းကို ပြန်လည်စိစစ်ကြည့်ရာမှာ ကော့သောင်းမြို့နယ်၊ ဆလုံကျွန်းရှိ မြေဧက(၅၀)ကို ဟိုတယ်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ရဲ့ ခွင့်ပြုချက်နဲ့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီဖြစ်တဲ့ မလေးရှားနိုင်ငံ Myanmar Basin Island Resort Co.,Ltd တို့ဟာ ၁၉၉၃ ခုနှစ်တွင် စာချုပ်ချုပ်ဆိုပြီး နှစ်(၃၀)

ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လို့ ကုမ္ပဏီက ဘန်ဂလို(၅)လုံးသာဆောက်လုပ်ခဲ့ပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်နဲ့ ၁၉၉၇ ခုနှစ်မှာ စာချုပ်ဖျက်သိမ်းခဲ့ပါတယ်။

အဲဒီနောက် ကမ်းရိုးတန်း တိုင်းဒေသစစ်ဌာနချုပ်က ကျွန်းပေါ်မှာရှိတဲ့ ဧက(၂၀)ကို လင်းပိုင်မွေးမြူရေးအတွက် Shambhala Co.,Ltd ကို ၂၀၀၁ ခုနှစ်ကနေပြီးတော့မှ ၂၀၀၇ ခုနှစ်အထိ (၆)နှစ်ငှားရမ်းခဲ့ပြီး၊ ၎င်းလုပ်ငန်းလည်း စာချုပ်သက်တမ်းကုန်သည်အထိ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ဖော်ပြပါ ဆလုံကျွန်းဟာ ယခင်အဆက်ဆက်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များက စိတ်ဝင်စား၍ စတင်အခြေပြုဆောင်ရွက်ခဲ့သော ကျွန်းဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအလားအလာရှိသော ကျွန်းတစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။ ဒါပေမဲ့လို့ လုပ်ငန်းရှင်များအနေနဲ့ လုပ်ငန်းပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတာကို သိရှိရတဲ့အတွက် လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲများကို ဖော်ထုတ်ပြီးတော့မှ ဖြေရှင်းနိုင်မယ့်နည်းလမ်းများကို ရှာဖွေရန်အတွက် Feasibility Study ပြုလုပ်ဆောင်ရွက်သင့်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟာ ယခု ဆလုံကျွန်းအပါအဝင် မြိတ်ကျွန်းစုများမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အစီအစဉ်များကို ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအားလုံးကို စည်းရုံးညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် ယခုအခါမှာ Tint Tint Myanmar Group of Companies ဟာ မကြံ့ဂလက်ကျွန်းမှာ ဆလုံလူမျိုးများ အပါအဝင် ဒေသခံများအနေနဲ့ ရိုးရာလက်မှုပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန် ကျွန်တော်တို့ Professional Training သင်တန်းကျောင်းကိုလည်း တည်ဆောက်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ဆလုံကျွန်းမှာ ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းများအတွက် မြေဧရိယာကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲဆောင်ရွက်ပါသောကြောင့် အဆိုပါ ကျွန်းပေါ်မှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ထပ်မံအကောင်အထည်ဖော်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အဆိုပြု တင်ပြသွားသင့်ပါကြောင်းနှင့် ဒီဝန်ကြီးဌာနအနေနဲ့တော့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ပုဂ္ဂလိက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များအား ယခုပွင့်လင်းရာသီမှာ Feasibility Study ပြုလုပ်ခြင်း၊ လုပ်ငန်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းများဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ပေါ်ရှိ အမှတ်(၁)နယ်မြေ၊ အမှတ်(၃)နယ်မြေ၊ အမှတ်(၅)နယ်မြေ၊ အမှတ်(၆)နယ်မြေအတွင်းရှိ ရပ်ကွက်ပေါင်း(၁၃)ရပ်ကွက်တို့ကို မြို့မြေစာရင်းဝင် မြေငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ပေါ်ရှိ အမှတ်(၁)နယ်မြေ၊ အမှတ်(၃)နယ်မြေ၊ အမှတ်(၅)နယ်မြေ၊ အမှတ်(၆)နယ်မြေအတွင်းရှိ ရပ်ကွက်ပေါင်း (၁၃)ရပ်ကွက်တို့ကို မြို့မြေစာရင်းဝင် မြေငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ပေါ်ရှိ အမှတ်(၁)နယ်မြေ၊ အမှတ်(၃)နယ်မြေ၊ အမှတ်(၅)နယ်မြေ၊ အမှတ်(၆)နယ်မြေအတွင်းရှိ ရပ်ကွက်ပေါင်း(၁၃)ရပ်ကွက်တို့ကို မြို့မြေစာရင်းသွင်းပြီး မြေငှားဂရန် ထုတ်ပေးရန် အစီအစဉ် သိရှိလိုခြင်း မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခရစ်နှစ် ၁၀၄၄ ခုနှစ်မှာ ပထမမြန်မာနိုင်ငံတော် တည်ထောင်သော အနော်ရထာမင်းသည် ပုဂံခေတ် ရာဇဝင်မှတ်တမ်းများအရ ပုဂံမင်းဆက်၏ (၄၂)ဆက်မြောက်မင်း ဖြစ်ပါတယ်။ အနော်ရထာမင်းရှေ့မှာ မင်း(၄၁)ပါးရှိခဲ့ပြီး ပထမဆုံးသမုဒ္ဒရာဇ် မင်းက ခရစ်နှစ် ၁၀၇ ခုနှစ်မှာ ကျေးရွာပေါင်း(၁၉)ရွာနဲ့ စတင်ခဲ့ရာ ယခု ညောင်ဦးသည်လည်း အပါအဝင် ဖြစ်ပါတယ်။ လွန်ခဲ့သော နှစ်ပေါင်း (၁၉၀၀)ကျော်ကတည်းက ယခု ညောင်ဦးအရပ်သည် လူနေထိုင်ရာအရပ်ဒေသ ဖြစ်ပါတယ်။ ညောင်ဦးမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအဆုံး မကွေးတိုင်းဒေသကြီးနှင့် ထိစပ်နေသော မြို့နယ်ဖြစ်ပါတယ်။ တစ်မြို့နယ်လုံး အိမ်ခြေပေါင်း(၅၂၁၉၁)အိမ်၊ အိမ်ထောင်စုပေါင်း(၅၅၀၄၇)စု၊ လူဦးရေ(၂၄၅၃၈၈)ဦးရှိပါတယ်။ ညောင်ဦးမြို့ပေါ်မှာ အိမ်ခြေ (၆၃၁၉)အိမ်၊ အိမ်ထောင်စုပေါင်း(၆၃၈၀)စု၊ လူဦးရေ(၃၀၄၀၆)ဦးရှိပါတယ်။ ညောင်ဦးမြို့ပေါ်မှာ နယ်မြေ ပေါင်း(၇)နယ်မြေရှိပြီး စတုရန်းမိုင်(၈.၇၈)ကျယ်ဝန်းပါတယ်။

အဆိုပါ နယ်မြေများမှ အမှတ်(၁)နယ်မြေအတွင်းရှိ ရပ်ကွက်(၄)ရပ်ကွက်၊ အကျယ် (၂၁၂.၂၉)ဧက၊ အိမ်ခြေ(၉၀၈)အိမ်၊ လူဦးရေ(၃၃၁၀)ဦးတို့သည်လည်းကောင်း၊ အမှတ်(၃)နယ်မြေ အတွင်းရှိ ရပ်ကွက်(၆)ရပ်ကွက်၊ အကျယ်(၈၈.၅၂)ဧက၊ အိမ်ခြေ(၅၄၅)အိမ်၊ လူဦးရေ(၂၀၁၂)ဦး

တို့သည်လည်းကောင်း၊ အမှတ်(၅)နယ်မြေအတွင်းရှိ ရပ်ကွက်(၁)ရပ်ကွက်၊ အကျယ်(၉.၇၉)ဧက၊ အိမ်ခြေ(၁၇၀၁)အိမ်၊ လူဦးရေ(၆၇၇၅)ဦးတို့သည် တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ခေတ်အဆက်ဆက် လူနေရပ်ကွက်၊ ကွက်စိပ်ရိုက် အခြေချနေထိုင်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဥပဒေ ပုဒ်မ ၃၊ အပိုဒ်ခွဲ(ခ)အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်သော်လည်း မြို့မြေစာရင်း မဝင်သေးသည့် မြို့တွင်းလူနေအိမ်ရာများ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သော ၎င်း(၁၃)ရပ်ကွက်ကို တစ်ပြေးညီ မြို့မြေအဖြစ် သတ်မှတ်ပြီး မြေငှားဂရန် ထုတ်ပေးရန် အစီအစဉ် မည်သို့ရှိသည်ကို ဒေသခံများ၊ ဒေသတွင်းပြည်သူများကိုယ်စား သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါသည်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် အနယ်နယ်အရပ်ရပ်က ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် အနယ်နယ်အရပ်ရပ်က ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ဘဝတိုးတက်ကောင်းမွန်ဖို့အတွက် ပြုစုစောင့်ရှောက်ရမယ့်တာဝန်ဟာ ပြည်သူ့အစိုးရရဲ့ တာဝန်သာ ဖြစ်ပါတယ်။ ထန်တလန်မြို့နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးအတွက် စိတ်ရောကိုယ်ပါ နှစ်၍ လုပ်ဆောင်ပေးခဲ့သော ပြည်မနဲ့ မြို့နယ်အသီးသီးမှ ထန်တလန်မြို့သို့ တာဝန်ဖြင့် ရောက်ရှိလာကြတဲ့ ဝန်ထမ်းများ နေထိုင်မှုဘဝအနေအထား အတန်အသင့် ပြည့်စုံလုံလောက်မှုရှိရန် လိုအပ်လှပါတယ်။

အထူးသဖြင့် နေစရာအိမ်၊ ဝန်ထမ်းအဆောင်လေးတော့ ရှိသင့်ပါတယ်။ ဒါတွေ ဖြည့်ဆည်းပေးနိုင်မယ့် တာဝန်ကလည်း ပြည်သူ့အစိုးရရဲ့တာဝန် ဖြစ်ပါတယ်။

ထန်တလန်မြို့ဟာ ၁၉၆၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဟားခါးမြို့မှ ခွဲထွက်ပြီး တည်ထောင်ထားတဲ့ မြို့အသစ်တစ်မြို့ ဖြစ်ပါတယ်။ ရပ်ကွက်(၃)ခု၊ လူဦးရေ(၇၀၀၀)ကျော်ရှိသောမြို့ ဖြစ်ပါတယ်။ ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံ လုံလောက်မှုမရှိပါ။ အထူးသဖြင့် ပညာရေး ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝန်ထမ်းများ၊ လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနဲ့ ကြေးတိုင်နဲ့ မြေစာရင်းဦးစီးဌာနဝန်ထမ်းများဟာ ပြင်ပနေအိမ်များကို ငှားရမ်းနေထိုင်ရပါတယ်။ ထန်တလန်မြို့ဟာ နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး မြို့သစ်ဖြစ်သည်နှင့်အညီ အိမ်ငှားခ လွန်စွာကြီးမား၍ အနိမ့်ဆုံးအိမ်လခ ကျပ် ၃၀၀၀၀ မှ ကျပ် ၅၀၀၀၀ အထိပေးရပြီး အခန်းကျဉ်းတွင် ကျပ်တည်းစွာ ဆင်းရဲဒုက္ခခံလျက် နေထိုင်ကြရပါတယ်။ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရန်မြေနေရာကို မြို့ပြစီမံကိန်း ရေးဆွဲရာတွင်လည်း လျာထားသတ်မှတ်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်၍ ထန်တလန်မြို့ပေါ်ရှိ ဝန်ထမ်းများနေထိုင်မှုဘဝ သက်သာစေရန်နဲ့ နေထိုင် စားသောက်မှု အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်စေရန်အတွက်လည်းကောင်း၊ လုပ်ငန်းခွင်တွင် ပျော်ရွှင်စွာ အလုပ်လုပ်နိုင်ကြစေရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ တစ်ဆက်တည်း နေအိမ်ဆောက်လုပ်နိုင်ခြင်းမရှိတဲ့ ဆင်းရဲသား လုပ်သားပြည်သူများအတွက်ပါ အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**သဘာဝဘေးကျရောက်နေသော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကျေးရွာ အုပ်စု၊ ငါးလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာ (၂)ရွာတို့ကို စနစ်တကျ ပြောင်းရွှေ့ပေးနိုင်ရေး စီမံပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က သဘာဝဘေးကျရောက်နေသော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကျေးရွာ အုပ်စု၊ ငါးလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာ(၂)ရွာတို့ကို စနစ်တကျ ပြောင်းရွှေ့ပေးနိုင်ရေး စီမံပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မြိုင်မြို့နယ်၊ ပေါက်မြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ဖြစ်ပါတယ်။ အမျိုးသား

လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းလိုတာကတော့ ကျွန်တော်တို့ သဘာဝဘေး ကျရောက်နေတဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ငါးလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာ(၂)ရွာအား စနစ်တကျပြောင်းရွှေ့ပေးနိုင်ရေး စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ၊ စီမံပေးပါက မည်သည့်အချိန်ကာလတွင် စီမံပေးမည်ကို သိရှိလိုခြင်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းမှာ ဖြစ်ပါတယ်။

မြိုင်မြို့နယ်မြောက်ပိုင်း၊ ချောင်းဆုံကြီးကျေးရွာအုပ်စုမှာ တောင်ယမားရေလှောင်တမံကြီး တည်ရှိရာ ရေပိုလွှဲကနေ ကျရောက်လာတဲ့ ရေများတိုက်စားပြီးတော့ ကမ်းပါးပြိုမှု ဖြစ်ပွားရာမှာ ရွာနဲ့ အလွန်နီးကပ်နေပါတယ်။ ကျွန်တော်တို့ တောင်ယမား ရေလှောင်တမံဟာ ရေဝင်ကောင်းတဲ့အတွက် ကြောင့်မို့လို့ မိုးရာသီရေဝင်ချိန်မှာ တမံရဲ့အောက်ဘက်မှာ ရောက်ရှိနေတဲ့ ငါးလင်းစေ့ကျေးရွာနဲ့ ပေါက်ရင်းကျေးရွာ(၂)ရွာမှာရှိတဲ့ ရွာသူရွာသားများဟာ ရင်တထိတ်ထိတ်နဲ့ စိုးရိမ်ကြောက်ရွံ့နေကြရပါတယ်။ အဲဒါအပြင် တမံမှာစိမ့်ထွက်နေတဲ့ ရေများဟာလည်း ကျေးရွာမှာ သောက်သုံးရေနဲ့ အိမ်သာတွင်းရှိရေတွေဟာ တစ်ဆက်တစ်စပ်တည်းလို ဖြစ်နေပါတယ်။ မိုးရာသီတစ်လျှောက်လုံး အပေါ်ယံမြေမျက်နှာပြင်မှာ စိမ့်ရေများနဲ့ နေကြရတဲ့အတွက်ကြောင့် ရွာမှာရှိတဲ့သက်ကြီးရွယ်အိုတွေ၊ ပညာသင်ကြားနေရတဲ့ ကလေးငယ်တွေရဲ့ ကျန်းမာရေးအတွက် ဆိုးရွားတဲ့အခြေအနေနဲ့ ရင်ဆိုင် ဖြတ်သန်းနေကြရပါတယ်။ အဲဒီရွာ(၂)ရွာ ရွှေ့ပြောင်းနိုင်ရေးအတွက်ကို ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလကတည်းက နိုင်ငံတော်သမ္မတကြီးထံမှာ တင်ပြထားခဲ့ရာ ၎င်းကျေးရွာများမှာနေထိုင်ကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားများ စိုးရိမ်ပူပန်ကြောက်ရွံ့မှု၊ ကျန်းမာရေးမညီညွတ်မှုများကြောင့် အမြန်ဆုံး ရွှေ့ပြောင်းပေးစေလိုကြပါတယ်။

အဲဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ငါးလင်းစေ့ကျေးရွာနဲ့ ပေါက်ရင်းကျေးရွာ(၂)ရွာအား စနစ်တကျ ရွှေ့ပြောင်းပေးနိုင်ရေး စီမံပေးနိုင်ခြင်း ရှိ/မရှိနဲ့ စီမံပေးမည်ဆိုပါက မည်သည့်ကာလတွင် စီမံပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ပလိုင်ဝမ်းကျေးရွာကို မြို့နယ်နိမိတ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဋ္ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ပလိုင်ဝမ်းကျေးရွာကို မြို့နယ်နိမိတ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးလင်းတင်ဋ္ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် အကြောင်းအရာ ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ပလိုင်ဝမ်းကျေးရွာကို မြို့နယ်နိမိတ် ပြန်လည် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်ကို ကျေးရွာအုပ်စု(၂၃)အုပ်စု၊ ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသော မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ ထို့ကြောင့် မြို့ပေါ် ရပ်ကွက် (၃)ရပ်ကွက်သာရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ အခွန်များကို ကောက်ခံကာ စည်ပင် သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်မှာ တကူကနာ ကျေးရွာနဲ့ ချောင်းဆုံအနောက်ရပ်ကွက်ကို ပေါင်းစည်းထားတဲ့ ချောင်းဆုံအနောက်ရပ်ကွက်၊ ပလိုင်ဝမ်း ကျေးရွာနဲ့ ချောင်းဆုံအရှေ့ရပ်ကွက်တို့ ပေါင်းစည်းထားတဲ့ ချောင်းဆုံအရှေ့ရပ်ကွက်၊ တိုးချဲ့ရပ်ကွက် တို့ပဲ ဖြစ်ကြပါတယ်။ အဆိုပါ ချောင်းဆုံမြို့နယ်ဟာ ဆင်းရဲနွမ်းပါးသည့်အတွက် လူထုဗဟိုပြုစီမံကိန်းမှ လူဦးရေအချိုးအစားအလိုက် ထောက်ပံ့ငွေများကိုလည်း ပံ့ပိုးလျက်ရှိပါတယ်။ အဆိုပါစီမံကိန်းသည် မြို့ပေါ်ရပ်ကွက်များကို မူဘောင်အရ ထောက်ပံ့ပေးနိုင်ခြင်းမရှိဘဲ ကျေးရွာအုပ်စုများကိုသာ ထောက်ပံ့ ပေးလျက်ရှိပါတယ်။

အဆိုပါစီမံကိန်း၏ ထောက်ပံ့မှုကြောင့် ကျေးရွာများသည် သိန်း(၂၀၀)၊ (၄၀၀)၊ (၆၀၀)၊ (၁၂၀၀)အဖြစ် အသီးသီးရရှိခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြို့ပေါ်ရပ်ကွက်များမှာ အဆိုပါထောက်ပံ့မှုများကို ခံစားနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ၃၁-၇-၂၀၁၇ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြို့ပေါ်(၃)ရပ်ကွက်မှ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ခေါ်ယူ၍ အစည်းအဝေးပြုလုပ်ကာ မြို့ပေါ်(၃)ရပ်ကွက်ကို မြို့မြေအဖြစ် သတ်မှတ်၍ နှစ်(၃၀)မြေဂရန် ထုတ်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ ထိုအချိန်အခါတွင် မြို့မြေအဖြစ်သတ်မှန်ရန် ပလိုင်ဝမ်း ကျေးရွာနှင့် ချောင်းဆုံအနောက်၊ ချောင်းဆုံအရှေ့ကျေးရွာတို့ ပေါင်းစည်းထားသည့် ချောင်းဆုံအရှေ့ ရပ်ကွက်၌ ပလိုင်ဝမ်းကျေးရွာ ပါဝင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ချောင်းဆုံအရှေ့ရပ်ကွက်ပိုင် ပလိုင်ဝမ်း ကျေးရွာသည် မြို့မြေအဖြစ်သတ်မှတ်ရာတွင် ပါဝင်ခဲ့ခြင်းမရှိသလို လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့သည့် ထောက်ပံ့ငွေကိုလည်း အကျိုးခံစားခွင့် မရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ အဆိုပါ ပလိုင်ဝမ်းကျေးရွာသည် နစ်နာဆုံးရှုံးခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းချင်တာက ချောင်းဆုံမြို့နယ်ရှိ ပလိုင်ဝမ်း ကျေးရွာအား မြို့နယ်နိမိတ်အဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်း ရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ပထမဦးစွာ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ရက်စွဲပါစာဖြင့် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ကို ရပ်ကွက်(၅)ရပ်ကွက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ရက်စွဲပါစာဖြင့် မြေနဲလေး ကျေးရွာအုပ်စုမှာရှိတဲ့ မြေဧရိယာ(၄၆၁)ဧကကို ညောင်ဦးမြို့ အမှတ်(၆)ရပ်ကွက်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှာတော့ ဝက်ကြီးအင်းကျေးရွာအုပ်စု မြေဧရိယာ (၁၆၅၅)ဧကကို အမှတ်(၇)ရပ်ကွက်အဖြစ်လည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့တဲ့အတွက် မြို့ဧရိယာဟာ (၅၄၅၉)ဧက ကျော်ရှိကြောင်း တွေ့ရှိရပါတယ်။ မြို့မြေ(၅၄၅၉)ဧကအနက် လူနေထိုင်တဲ့ဧကဟာ (၁၂၂၅)ဧကဖြစ်ပြီး ကျန်(၄၂၃၄)ဧကမှာ လူနေထိုင်ခြင်းမရှိတဲ့ မြို့တွင်းရှိစိုက်ပျိုးမြေ(၁၀၀၆)ဧက၊ ရှေးဟောင်းဘုရားများ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးခြင်းမပြုနိုင်သော မြေ(၂၈၉၅)ဧကနဲ့ တောရိုင်းမြေ(၃၃၃)ဧက ပါဝင်ပါတယ်။

လူနေထိုင်တဲ့မြေဧရိယာမှာ (၁၂၂၅)ဧကအနက် (၈၄၇.၄၁)ဧကမှာ ကွက်စိပ်၊ ကွက်ကျဲ တိုင်းတာပြီးဖြစ်တဲ့အတွက် မြေတိုင်းရန်ကျန်တဲ့ဧရိယာမှာ (၃၇၇.၅၉)ဧကဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ညောင်ဦးမြို့မှာ အိမ်ခြေ(၆၃၁၉)အိမ်၊ အိမ်ထောင်စု(၆၃၈၀)စုနဲ့ လူဦးရေ(၃၀၆၀၅)ဦးရှိပြီး မြေငှား ဂရန်(၁၃၆၃)ခု ထုတ်ထားပေးပြီးဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ တိုင်းတာရန်ကျန်ရှိနေတဲ့ မြေဧရိယာ (၃၇၇.၅၉)ဧကဟာ ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နဲ့ အမှတ်(၆)ရပ်ကွက်အတွင်းမှမြေများ ဖြစ်ပါတယ်။ ထိုမြေဧရိယာအမျိုးအစားဟာလည်း မြေစာရင်း မှတ်တမ်းတွေအရ ယာမြေ(၂၆၃.၄၆)ဧကနဲ့ အခြားမြေ(၁၁၄.၁၃)ဧကဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါမြေတွေကို တိုင်းတာနိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ငွေစာရင်းမှာ တင်ပြတောင်းခံထားပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဘဏ္ဍာငွေရရှိပါက ကွက်စိပ်၊ ကွက်ကျဲ တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် မြို့မြေအဖြစ် မြေအမျိုးအစား ပြောင်းလဲသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုသို့ ဆောင်ရွက်ပြီးစီးပါက မြေငှားဂရန် ရရှိလိုသူများမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ မြေစာရင်းပုံစံ(၁၀၅)၊ မြေစာရင်းပုံစံ(၁၀၆) ရေးကူးပြီး သက်ဆိုင်ရာ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်ကို လျှောက်ထားရယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ပါ၍ ညောင်ဦးမြို့ မြေငှားဂရန် ရရှိရေးအတွက် မြို့မြေသတ်မှတ်စဉ်က တည်ရှိခဲ့သော မူလမြေ

အမျိုးအစားမှ မြို့မြေအဖြစ် ပြောင်းလဲသတ်မှတ်ရန် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားဆောင်ရွက်ခြင်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကုန်ကျမယ့်အသုံးစရိတ်များကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရန်ပုံငွေစာရင်းမှာ တင်ပြတောင်းခံထားပါကြောင်းနှင့် အဆိုပါကိစ္စရပ်များ အဆင့်လိုက် ဆောင်ရွက်ပြီးချိန်မှာ မြေငှားဂရန် ရရှိလိုသူမှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်များ လျှောက်ထားထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း မေးမြန်းခဲ့တဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်း၊ မှောင်တလန်ရဲကင်းစခန်းနဲ့ လုံလဲရ်ရဲကင်းစခန်းတို့ ရှိပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ဟာ ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်မှာရှိတဲ့ မြေဧရိယာ(၅.၆၂၉)ဧကပေါ်မှာ တစ်ဆက်တစ်စပ်တည်း တည်ရှိပါတယ်။ ထန်တလန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရဲ့ ဖွဲ့စည်းပုံဟာ အရာရှိ(၇)ဦး၊ အခြားအဆင့်(၁၀)ဦး၊ ပေါင်း(၁၇)ဦးရှိပြီးတော့ မြို့မရဲစခန်းရဲ့ ဖွဲ့စည်းပုံကတော့ အရာရှိ(၁၂)ဦး၊ အခြားအဆင့်(၆၉)ဦး၊ ပေါင်း(၈၁)ဦး ရှိပါတယ်။ လက်ရှိမှာတော့ အရာရှိ(၄)ဦး၊ အခြားအဆင့်(၄၉)ဦး၊ စုစုပေါင်း(၅၃)ဦး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

ထန်တလန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနဲ့ မြို့မရဲစခန်းအတွက် အဆောက်အအုံ လုံလောက်မှု မရှိတဲ့အတွက် လုံးချင်း(၁)လုံး၊ (၆)ခန်းတွဲ နှစ်ထပ်(၂)လုံး၊ လူ(၃၀)ဆံ့ လူပျိုဆောင်(၁)လုံးနှင့် လုံလဲရ် ရဲကင်းစခန်းအတွက် (၆)ခန်းတွဲ နှစ်ထပ်(၁)လုံးတို့ကို အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်မှာ ထည့်သွင်းတင်ပြတောင်းခံသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ထန်တလန်မြို့စိုက်ပျိုးရေးဦးစီးဌာနမှာ မြို့နယ်ဦးစီးမှူးအပါအဝင် ဝန်ထမ်း (၁၄)ဦးရှိပြီး ဝန်ထမ်းအိမ်ရာ သီးသန့်မရှိသေးသော်လည်းဘဲ လစ်လပ်နေတဲ့ရုံး၊ အဆောက်အအုံများမှာ စုပေါင်းနေထိုင်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၆)ခန်းတွဲ ဝန်ထမ်းနေအိမ်(၁)လုံးကို တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည် ဖြေကြားအပ်ပါတယ်။

ဒါ့အပြင် ထန်တလန်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများနေထိုင်ဖို့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၄)ခန်းတွဲ တစ်ထပ်(၁)လုံး လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ ဖြေကြားအပ်ပါတယ်။

ထန်တလန်မြို့နယ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ပညာရေးဝန်ထမ်းများနဲ့ပတ်သက်ပြီး မြို့နယ်ပညာရေးမှူးရုံးမှာ မြို့နယ်ပညာရေးမှူးနေအိမ်(၁)လုံး၊ ရုံးစောင့်နေအိမ်(၁)လုံး၊ ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းအုပ်နေအိမ်(၁)လုံး၊ ဘဏ္ဍာရေးနှစ်များ အလိုက် ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ အသစ်ဆောက်လုပ်ပေးထားပြီး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ချင်းပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာ(၁၀)လုံးကို ငွေလုံးငွေရင်းရန်ပုံငွေနဲ့ လျာထားစာရင်းတွင် ထည့်သွင်းတောင်းခံခဲ့သော် လည်းပဲ ထန်တလန်မြို့နယ်အတွက် ပါဝင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်လာမယ့်ဘဏ္ဍာရေးနှစ် တွေမှာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးနှင့် ပတ်သက်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟာ ထန်တလန်မြို့ ပေါ်မှာရှိတဲ့ ဝန်ထမ်း(၈)ဦးရှိပါတယ်။ အဆိုပါ(၈)ဦးအနက် (၄)ဦးမှာ ဒေသခံများဖြစ်ပြီး ကိုယ်ပိုင် အိမ်တွေမှာနေကြပြီးတော့ ကျန်(၄)ဦးမှာ အိမ်ငှားနေထိုင်ကြပါတယ်။ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေး နိုင်ဖို့အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးရုံးဝင်းအတွင်း မြေဧရိယာ(၇.၅)ဧကရှိပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရန်ပုံငွေရရှိရေးအတွက် ဦးစားပေး အစီအစဉ် ဖြင့် တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ ဒါ့အပြင် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ထန်တလန်မြို့နယ် ဆေးရုံအတွက် (၂)ခန်းတွဲ ဆရာဝန်အိမ်ရာ(၂)လုံး ဆောက်လုပ် ပေးနိုင်ရန် ခွင့်ပြုရန်ပုံငွေ(၈၅)သန်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် (၆)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ပေးဖို့အတွက် ကျပ်သန်း(၃၀၀) တင်ပြတောင်းခံခဲ့တဲ့အခါမှာ ခွင့်ပြုငွေ ကျပ်သန်း(၁၀၀) ရရှိပြီးဖြစ်တဲ့အတွက် လုပ်ငန်းများဆောင်ရွက်ပေးနိုင်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနသို့လည်း လုပ်ငန်းများအပ်နှံထားပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ပါ၍ ထန်တလန်မြို့နယ်မှာ လာရောက်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ အိမ်ရာရရှိရေးအတွက် ဘဏ္ဍာရေးနှစ်များအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ချင်းပြည်နယ် အစိုးရအဖွဲ့တို့မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ထပ်မံ တောင်းခံပြီး ဘဏ္ဍာငွေ ရရှိမှုပေါ်မူတည်၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကိုယ်ပိုင် အိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့တို့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်ကို မြို့(၁)မြို့၊ ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၈၁)အုပ်စု၊ ကျေးရွာပေါင်း(၃၂၉)ရွာနှင့် ဖွဲ့စည်းထားရှိပါတယ်။ ချောင်းဆုံကျေးရွာအုပ်စု၊ ငါးလင်းစေ့ကျေးရွာတွေမှာ အိမ်ခြေ(၂၂၃)အိမ်၊ အိမ်ထောင်စု(၂၂၃)စု၊ လူဦးရေ(၇၉၀)၊ ပေါက်ရင်းကျေးရွာမှာ အိမ်ခြေ(၆၀)၊ အိမ်ထောင်စု(၆၀)၊ လူဦးရေ(၃၀၀) နေထိုင်လျက်ရှိပါတယ်။ ၁၉၉၈-၁၉၉၉ ခုနှစ်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စုအနီးမှာ တောင်ယမားဆည် စီမံကိန်းဆောင်ရွက်ချိန်မှာ ငါးလင်းစေ့ကျေးရွာ အပါအဝင် ကျေးရွာ(၄)ရွာကို ပြောင်းရွှေ့ပေးရန် စီစဉ်ထားရှိခဲ့ပေမယ့်လည်း ငါးလင်းစေ့ကျေးရွာဟာ ဆည်ရေဝပ်ဧရိယာအတွင်း ကျရောက်ခြင်းမရှိတဲ့အတွက်၊ ပြောင်းရွှေ့လိုခြင်း မရှိကြောင်း တင်ပြခဲ့တဲ့အတွက် ကျန်(၃)ရွာကို စုစည်းပြီး အေးချမ်းသာယာ စံပြကျေးရွာအမည်နဲ့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပါတယ်။

တောင်ယမားဆည်စီမံကိန်း တည်ဆောက်ပြီးတဲ့နောက်မှာတော့ ငါးလင်းစေ့ကျေးရွာမှာ စိမ့်ရေထွက်ရှိမှုတွေ ပိုမိုများပြားလာခြင်း၊ ရေတွင်းရေကန်တူးဖော်ရာမှာ ယခင်ပေ(၃၀)ခန့် တူးရသော်လည်း ယခုအခါ (၆)ပေခန့်သာတူးရုံနဲ့ ရေထွက်ခြင်း၊ လူ၊ တိရစ္ဆာန်တို့ရဲ့ စွန့်ပစ်အညစ်အကြေးများနဲ့ နီးစပ်လျက် ရေကောင်းရေသန့် မရရှိတဲ့အတွက် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကိုပါ ထိခိုက်လာစေနိုင်ကြောင်း ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာ ချောင်းဆုံကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးကနေ တင်ပြလာတဲ့အတွက် သင့်တော်ရာနေရာသို့ ပြောင်းရွှေ့နိုင်ရေး သက်ဆိုင်ရာအစိုးရဟာ စတင်စီမံဆောင်ရွက်ခဲ့ပါတယ်။ အိမ်ရာများ ပြောင်းရွှေ့နေထိုင်ရေးအတွက် အိမ်ထောင်စု(၁)စုလျှင် ပေ(၇၀) ပတ်လည် မြေကွက်(၁)ကွက်နှုန်းဖြင့် နေရာချထားပေးနိုင်ရေးအတွက် လိုအပ်တဲ့မြေဧရိယာ(၃၀)ဧက၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လမ်းဖောက်လုပ်ရန် ခန့်မှန်းဧရိယာ(၂၀)ဧက၊ စုစုပေါင်းဧက(၅၀)ခန့် လိုအပ်မှာဖြစ်တဲ့အတွက် လက်ရှိရွာနေရာနဲ့ (၁)မိုင်ခန့်သာဝေးတဲ့ ကျောက်ဆင်တောင်တိုးချဲ့(၁) ကြိုးဝိုင်းပြင်ပနေရာသို့ ရွှေ့ပြောင်းပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ပါတယ်။

ထိုသို့ ကျေးရွာပြောင်းရွှေ့ရန် တောင်းခံလာတဲ့ ဧက(၅၀)အနက်မှာ ရွာမြေ(၁၉.၂၂)ဧက၊ သာသနာ၊ အများပိုင်မြေ (၂.၉၇)ဧက၊ စုစုပေါင်း (၂၂.၁၉)ဧကကို ယခင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ကျောက်ဆင်တောင် တိုးချဲ့(၁) ကြိုးဝိုင်းပြင်ပတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထပ်မံပယ်ဖျက်ရန်လိုအပ်တဲ့ (၂၇.၈၁)ဧကအတွက်ကိုတော့ အဆိုပါနေရာမှာ လက်ရှိဝင်ရောက် စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ ယာသမား (၄၅)ဦးရဲ့ သဘောတူညီချက်ရရှိရေးကို မကွေးတိုင်းဒေသကြီးမှ ဦးစွာဆောင်ရွက်သွားရန်နှင့် သဘောတူညီချက်ရရှိပါက သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးနိုင်ရေး ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ အကြောင်းပြန်ကြားခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာတော့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ချောင်းဆုံကျေးရွာအုပ်စုသို့ ရောက်ရှိစဉ်မှာ ပေါက်ရင်းကျေးရွာနေ ပြည်သူများကလည်း ငါးလင်းစေ့ကျေးရွာကဲ့သို့ပဲ ပြောင်းရွှေ့ပေးစေလိုကြောင်း ထပ်မံတင်ပြခဲ့ပါတယ်။ ထိုသို့ တင်ပြခဲ့မှုအပေါ် ပြန်လည်စိစစ်ချက်အရ ငါးလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာတို့ကို ပြောင်းရွှေ့ပေးရေးအတွက်

မြေဧရိယာ(၆၀.၄၁)ဧကခန့် လိုအပ်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်း မူလတောင်းခံမြေမှာ (၅၀)ဧကဖြစ်ပြီး၊ သစ်တောမြေပယ်ဖျက်ပြီး (၂၂.၁၉)ဧကသာ ရရှိသေးပါတယ်။ ၎င်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှာ ထပ်မံတင်ပြခဲ့ပါတယ်။ ထိုသို့ တင်ပြချက်အပေါ် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာတော့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၇)အရ ယခင်ခွင့်ပြုခဲ့သည့် မြေဧရိယာ(၅၀)အတိုင်းသာ ဆုံးဖြတ်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့တဲ့အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း မြေပြင်မှာ ကျေးရွာများ ပြောင်းရွှေ့နေထိုင်ရေးကို တောင်သူများနှင့် ညှိနှိုင်းသဘောတူညီချက် ရရှိပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ပါ၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စုရှိ ငါးလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာတို့ကို ကျောက်ဆင်တောင်တိုးချဲ့(၁) ကြိုးပြင်ကာကွယ်တောမြေမှာရှိတဲ့ ဧက(၅၀)သို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကျေးရွာပြောင်းရွှေ့ရေးကော်မတီများဖွဲ့စည်းပြီး ပေါင်းစပ်ဆောင်ရွက်ခြင်း၊ ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မူလတန်းလွန်ကျောင်း ပြောင်းရွှေ့ရေး ပညာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာသစ်အမည် ရရှိရေးတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်ကို မြို့(၁)မြို့၊ ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄၃)အုပ်စု၊ ကျေးရွာ(၇၈)ရွာနှင့် ဖွဲ့စည်းထားပြီး အိမ်ခြေ(၂၆၉၆၉)လုံး၊ အိမ်ထောင်စု(၂၈၆၅၆)စု၊ လူဦးရေ(၁၆၁၁၂၇)ဦး ရှိပါတယ်။ ချောင်းဆုံမြို့ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် (၆၁၁.၇၆)ဧကကို မြို့မြေအဖြစ် သတ်မှတ်ခဲ့သော်လည်းပဲ မြို့မြေအဖြစ် တိုင်းတာပြီး မြို့မြေ သိမ်းသွင်းဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသေးကြောင်း သိရှိရပါတယ်။

ချောင်းဆုံမြို့ဟာ အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်နှင့် တိုးချဲ့ရပ်ကွက်ဟူ၍ ရပ်ကွက်(၃)ရပ်ကွက်ရှိပြီး မြို့နေလူထုရဲ့ မြေပိုင်ဆိုင်မှု အာမခံချက်ရရှိရေးအတွက်လည်းကောင်း၊ နှစ်ရှည်မြေငှားဂရန် ချထားပေးနိုင်ရေးအတွက်လည်းကောင်း၊ မူလသတ်မှတ်ခဲ့တဲ့ နယ်နိမိတ်အတိုင်းအတာအရ ဦးပိုင်တစ်ခုချင်းအလိုက် ကွက်စိပ်၊ ကွက်ကျဲ တိုင်းတာခြင်းလုပ်ငန်းများကို ယခင်က ဆောင်ရွက်ခဲ့ခြင်း

မရှိသဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံထားပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ပလိုင်ဝမ်းအိမ်စုဟာ ၁၉၇၂ ခုနှစ်မှာ မြို့မြေသတ်မှတ်စဉ်က ပါဝင်ခဲ့မှုမရှိဘဲ ကွင်းတဲများ အနေဖြင့်သာ တည်ရှိပြီး ဒေသအခေါ် ပလိုင်ဝမ်းကွင်းဟု အစွဲပြု ခေါ်ဝေါ်ခြင်းဖြစ်ပြီး ချောင်းဆုံ-မော်လမြိုင် ကားလမ်းမဘေးမှာ ယခင်ကတည်းက အဆောက်အအုံများ ဆောက်လုပ်၍ အစုအဖွဲ့ဖြင့် နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ချောင်းဆုံအရှေ့ရပ်ကွက်ရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရှိပြီး ပလိုင်ဝမ်းကွင်းမှ လယ်မြေနှင့် ဥယျာဉ်ခြံမြေများတွင်ရှိပြီး ယခုအခါ အိမ်ခြေ(၇၀)၊ လူဦးရေ (၄၉၀) နေထိုင်လျက်ရှိပါတယ်။ မြို့ဧရိယာသတ်မှတ်ထားတဲ့ ချောင်းဆုံအရှေ့ရပ်ကွက်နှင့် ပလိုင်ဝမ်း အစု(ခေါ်) အကွက်(၁) တည်နေရာတို့ဟာ တစ်ဆက်တစ်စပ်တည်းမရှိဘဲ ၎င်းဧရိယာ(၂)ခုကြားထဲမှာ ကွက်သစ်အစု(ခေါ်) အကွက်(၂) တည်ရှိပါတယ်။ ကွက်သစ်အစု(ခေါ်) အကွက်(၂)ဟာ ပလိုင်ဝမ်းကွင်း မှာတည်ရှိတဲ့ လယ်မြေနှင့် ဥယျာဉ်ခြံမြေတွင် ပါရှိပြီး အိမ်ခြေ(၁၇၄)လုံး၊ လူဦးရေ(၁၀၂၂)ဦး နေထိုင်လျက် ရှိပါတယ်။

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဆိုပါအစု(၂)စုကို ဘဏ္ဍာရေးနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချောင်းဆုံအရှေ့ရပ်ကွက်မှာရှိတဲ့ မူလမြို့ မြေအဖြစ် သတ်မှတ်ထားတဲ့ ဧရိယာမှ ပလိုင်ဝမ်းအစုဧရိယာအထိ မြို့မြေတိုးချဲ့သတ်မှတ်မယ်ဆိုရင် ၎င်းမြေဧရိယာ(၂)ခုကြားမှာရှိတဲ့ ကွက်သစ်အစုကိုလည်း မြို့မြေတိုးချဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ရာတွင် မြို့မြေအဖြစ်သတ်မှတ်ထားတဲ့ (၆၁၁.၇၆)ဧကကို ကွက်စိပ်၊ ကွက်ကျဲတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးမီ ရပ်ကွက်များရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ လယ်မြေ၊ ဥယျာဉ်ခြံ မြေတို့မှာ ပလိုင်ဝမ်းကဲ့သို့သော အိမ်အစုအဖွဲ့များ ရှိတဲ့အတွက်ကြောင့်မို့လို့ ပလိုင်ဝမ်းတစ်ခုတည်း ကိုသာ မြို့မြေအဖြစ် တိုးချဲ့ဖွဲ့စည်းမည်ဆိုပါက အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါတယ်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်တွင် မြို့ပေါ်(၃)ရပ်ကွက်ရှိ မူလမြို့မြေအဖြစ် သတ်မှတ်ခဲ့တဲ့ (၆၁၁.၇၆)ဧကကို ကွက်စိပ်၊ ကွက်ကျဲတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိပါက တိုင်းတာဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ပလိုင်ဝမ်းအစု အပါအဝင် အခြားအစုများကို မြို့မြေတိုးချဲ့ဖွဲ့စည်းသတ်မှတ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) (ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ အလုပ်သမား ဆိုင်ရာကော်မတီ)က အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေ ပုဒ်မ ၅ နဲ့ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အလုပ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားနဲ့ အလုပ်ရှင်ကြား ဆက်ဆံရေး ကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အငြင်း ပွားမှုများ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာ၊ မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ နိဒါန်းမှာ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ပြင်ဆင်တဲ့ဥပဒေကို ထပ်မံ ပြဋ္ဌာန်းပြီး မူလဥပဒေရဲ့ စကားရပ်(၄)ခုနဲ့ ဥပဒေပုဒ်မ(၃)ခုကို ဖြည့်စွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း တကယ်တမ်း ကျင့်သုံးတဲ့အခါမှာ နိဒါန်းမှာ မျှော်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော်ဖို့ လိုအပ်ချက်တွေ ရှိနေသေးတာကို အလုပ်သမားများရဲ့ နစ်နာမှုတိုင်စာများအရလည်းကောင်း၊

အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ တာဝန်ထမ်းဆောင်ခဲ့တဲ့ ခုံကောင်စီဝင် လူကြီးတချို့နဲ့ တွေ့ဆုံဆွေးနွေးမှုများအရ ကော်မတီမှ တွေ့ရှိရပါတယ်။ ဒါကြောင့် ဥပဒေကို လေ့လာသုံးသပ်ရာမှာ (က) ဝေါဟာရများ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုအပ်ချက်များရှိခြင်း၊ တချို့ဝေါဟာရများ မလိုအပ်တော့ခြင်း။ (ခ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံကောင်စီဖွဲ့စည်းမှုပုံသဏ္ဌာန်နဲ့ လုပ်ငန်းစဉ်တို့ဟာ လက်တွေ့ဖြေရှင်းရာမှာ ကိုယ်စားပြုမှုနှင့် အလုပ်သမားထုရဲ့ ယုံကြည်မှုအားနည်းခြင်း။ (ဂ) ဥပဒေနှင့်အညီ ပြစ်မှုပြစ်ဒဏ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မျှမျှတတနဲ့ လက်တွေ့ကျကျ လိုက်နာနိုင်ရန်တို့အတွက် ပြင်ဆင်ရန်လိုအပ်တယ်လို့ ကော်မတီမှ သုံးသပ်မိပါသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်ရန် မဖြစ်မနေလိုအပ်နေပြီလို့ ကော်မတီ၏ ၁၂-၁၂-၂၀၁၆ ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ တင်သွင်းရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဤဥပဒေကြမ်းအား တင်သွင်းရခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး မှ တင်သွင်းသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေသည် အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင် အေးချမ်းသာယာစေရန်နှင့် တရားမျှတစွာ ဖြေရှင်းနိုင်ရန် အမြန်ပြင်ဆင်သင့်သောကြောင့် ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးရန် တင်သွင်းသည့် အဆိုအား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်မ ဒေါ်အိအိပြုံး မှ လေးလေးနက်နက် ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးကျော်ထွေး တင်သွင်းသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၀း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]